# မာတိကာ


| | | |
|---|---|---|
| - | စာရေးသူမှ အမှာစာ | က |
| ၁။ | ဆောင်းဦးအိပ်မက် ကယ်ပေလို့ | ၁ |
| ၂။ | မင်းတုန်းမင်းကြီးလောက် အမြင်မကျယ်သူများ | ၆ |
| ၃။ | H1N1 နှင့် အာယုဩဿဓ | ၁၁ |
| ၄။ | ကောသလငိုလိမ့်မယ် | ၁၇ |
| ၅။ | တပ်မတော်ကို ပြည်သူတွေထောက်ခံပြီးသား | ၂၁ |
| ၆။ | ဂုဏ်သိက္ခာဟူသည် မိုးပေါ်က ကျ မလာပါ | ၂၅ |
| ၇။ | အရုပ်ရေးပြစရာတောင်ရှိမှာမဟုတ် | ၃၀ |
| ၈။ | မွေးသည်၊ မာသည်၊ ရဲရဲနီ | ၃၅ |
| ၉။ | ငုံးဥဒရာမာနှင့် နိုင်ငံကြီးသား စိတ်ဓာတ် | ၄၀ |
| ၁၀။ | အဲဒါ-အဲဒါ နိုင်ငံရေးပဲ | ၄၅ |
| ၁၁။ | စိတ်ချမ်းသာချင်ရင် လွယ်ပါတယ် | ၅၀ |
| ၁၂။ | ဒီနှစ်ကုန်တဲ့အထိ ဥပဒေ ချိုးဖောက်မယ် | ၅၅ |
| ၁၃။ | ရာထူးနဲ့လူ့အသက် | ၆၀ |
| ၁၄။ | အချိန်ဆွဲရေးဗျူဟာ | ၆၅ |
| ၁၅။ | လဲလှလှနိုင်ငံရေးနှင့် ပြုလုလုစီးပွားရေး | ၇၀ |
| ၁၆။ | တိုင်းပြည်အတွက် အနာခံပြီး အသာမစံခဲ့ရတဲ့ ဗိုလ်ချုပ် | ၇၅ |
| ၁၇။ | တရားရေးဝန်ကြီးဌာန ဖွဲ့စည်းဖို့ လိုအပ်နေပြီ | ၈၀ |
| ၁၈။ | ကုန်သွယ်ရေးစစ်ပွဲကြား သက်လုံကောင်းဖို့ | ၈၅ |
| ၁၉။ | နိုင်ငံရေး အကွက်ဆန်းများ | ၉၁ |
| ၂၀။ | ပါတီရော၊ လူရော စိတ်ကြိုက်ရွေးကြပေတော့ | ၉၅ |
| ၂၁။ | ဖုန်းဖုန်းလဲပြိုတော့မယ့်စီးပွားရေး | ၁၀၀ |
| ၂၂။ | အုန်းအုန်းထေ၊ အဂတိပွဲတော်ကြီး | ၁၀၆ |
| ၂၃။ | သမ္မတ မဖြစ်ချင်နေ၊ သူ့ခိုးမဖြစ်ရင်တော်လှ | ၁၁၁ |
| ၂၄။ | ဂျက်အင်ဂျင်ပါဝါဖြင့် ဇောက်ထိုးဆင်းသွားခြင်း | ၁၁၆ |
| ၂၅။ | ပြည်သူက ဆွဲချရမှာလား | ၁၂၂ |
| ၂၆။ | လမင်းသမီး စောနန်းမြစန္ဒာစာအုပ်ကို ဖတ်ကြည့်မိခြင်း | ၁၂၇ |
| ၂၇။ | ကြိုးနီထဲမှာ ပျောက်ရဲ့လား | ၁၃၂ |
| ၂၈။ | ကာကွယ်ရေးဦးစီးချုပ်သို့ ပန်ကြားခြင်း | ၁၃၇ |
| ၂၉။ | ရှစ်လေးလုံး အနှစ်ချုပ် | ၁၄၁ |
| ၃၀။ | လွှမ်းမိတယ် ဗိုလ်ချုပ် | ၁၄၅ |
| ၃၁။ | အားနာပါတယ် ဗိုလ်ချုပ်ရယ် | ၁၅၁ |


❒

# စာရေးသူမှ အမှာစာ

စာရေးသူအနေဖြင့် စာဖတ်သူအပေါင်းကို အသိပေးချင်တာတွေ ရှိနေပါသည်။

လတ်တလောမှာ ဂျာနယ်သတင်းစာများ၌ အပတ်စဉ် နိုင်ငံရေးဆောင်းပါးများ မရေးဖြစ်ပါ။ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပြီး ဝိပဿနာအားထုတ်ခြင်းကို ဇောက်ချ ဆောင်ရွက်လျက်ရှိသောကြောင့်၊ အထူးသဖြင့် နိုင်ငံရေးဆောင်းပါးများ မရေးဖြစ်တော့ပါ။ အားလပ်ချိန်မှာလည်း၊ လွန်ခဲ့သည့်... ပါးရှားသွားပြီဖြစ်၍ ရနိုင်သမျှ အချိန်လေးများမှာလည်း၊ ဝိပဿနာသို့မဟုတ် ဘာသာရေးဆိုင်ရာ စာပေများကိုတော့ ရေးဖြစ်ခဲ့ပါသည်။

ယခင်ရေးခဲ့သည့် ဆောင်းပါးများကို စုစည်းထုတ်ဝေရန် ပြင်ဆင်သည့်အချိန် ပြန်လည်ဖတ်ရှုကြည့်ရာ ယခုအချိန်ထိ မှန်ကန်နေဆဲ ထိရောက်နေဆဲဖြစ်ကြောင်း ရိုးသားစွာ သုံးသပ်မိပါသည်။

စာရေးသူအနေဖြင့် ဘက်လိုက်ခြင်းမရှိခဲ့ဘဲ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသူအားလုံးအပေါ် မျှတစွာ ဝေဖန်ရေးသားခဲ့ပါသည်။ စာရေးဆရာဆိုသည်မှာလည်း၊ ကောင်းသည့်အစိတ်အပိုင်းတွင် ကောင်းသလို၊ မကောင်းသည့်အစိတ်အပိုင်းတွင် မကောင်းသလို ရေးသားရန် တာဝန်ရှိသည်ဟု ခံယူခဲ့ပါသည်။



လက်ရှိအရပ်သား အစိုးရအပေါ် ဝေဖန် ရေးသားမှုများကိုလည်း ဖတ်ရှုကြရမည်ဖြစ်ပါသည်။ အရပ်သားအစိုးရအပေါ်လည်းကောင်း၊ စစ်အစိုးရအပေါ်လည်းကောင်း၊ ဝေဖန်ရေးသားသည့် အကြောင်းရင်းမှာ အတူတူဖြစ်ပါသည်။ တိုင်းပြည်ကောင်းကျိုးအတွက် ရည်ရွယ်ရေးသားခြင်းမှတစ်ပါး၊ အခြားမလိုမုန်းထားခြင်းမျိုး မရှိပါ။ ယခု ဒီမိုကရေစီယန္တရားမှာ ဖြောင့်မတ်မှန်ကန်စွာပါဝင်၍ တာဝန်ထမ်းဆောင်နေသော တပ်မတော်သား၊ အငြိမ်းစားများနှင့် ပတ်သက်၍လည်း၊ အားရဝမ်းသာဖြစ်ရပါသည်။ စိတ်ရင်းစေတနာသော ဖြောင့်မတ်မှန်ကန်မည်ဆိုလျှင် အရောင်မတူသူချင်းလည်း၊ လက်တွဲ၍ရပါသည်။

တစ်ခုတော့ရှိပါသည်။ စာရေးသူတို့ပြည်သူအများအနေဖြင့် ဘဝမမေ့ကြဖို့တော့ လိုသည်။ တစ်ချိန်က မည်းမည်းမြင်လျှင် ကြောက်နေကြရသော နိုင်ငံရေး လူစဉ်မမီသည့်ဘဝများ။ လူလူချင်း၊ မြန်မာ မြန်မာချင်း၊ ပဒေသရာဇ်ဆန်ဆန်ပြုမူသည့် အာဏာစက်များ အောက်တွင် ခွန်းတုံ့မပြန်ရဲခဲ့သည့် အရှုံးသမားဘဝများ။ ထိုထိုဘဝများကို မမေ့ကြစေချင်ပါ။

ထိုခေတ်ဆိုးစနစ်ဆိုးကြီးကို မီလိုက်သူများအနေဖြင့် ယခုအရပ်သား အစိုးရအောက်တွင် မည်မျှထိ စိတ်ချမ်းသာလျက် လူပီသစွာ နေထိုင်နိုင်ခွင့်ရပြီဖြစ်ကြောင်း၊ နားလည်သဘောပေါက်မည်ဖြစ်သည်။

သမိုင်းကို မျက်ခြည်မပြတ်ဖို့ အရေးကြီးပါသည်။ သို့မဟုတ်ပါက သမိုင်းတစ်ပတ်လည်ပြီး စနစ်ဆိုးများအောက် ပြန်ရောက်သွားနိုင်ပါသည်။

တိုင်းပြည်ကောင်းဖို့အတွက်ဆိုလျှင် လူငယ်များကို နိုင်ငံရေးအသိပညာများ လက်ဆင့်ကမ်းပေးကြပါ။ ကိုယ်ကျိုးရှာ စိတ်ဓာတ်များကို အားမကျကြဘဲ အများအကျိုး ဦးစားပေးသည့်စိတ်ဓာတ်၊ အနစ်နာခံသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏စိတ်ဓာတ်ကို အတုယူရန် မျိုးဆက်သစ်များကို မိဘနှင့်ဆရာများက သင်ကြားပေးကြစေလိုပါသည်။

အဓိကအားဖြင့် နိုင်ငံအုပ်ချုပ်နေသူများအနေဖြင့် နိုင်ငံရေးစိတ်ဓာတ်များ ရင့်ကျက်ပြီး စာရေးဆရာများနှင့် မီဒီယာသမားများအပေါ်



သဘောထားကြီးစွာဖြင့် ကိုယ့်ချို့ယွင်းချက်များကို ပြုပြင်ကြမှသာ နိုင်ငံတိုးတက်မည်ဖြစ်ပါကြောင်း။

စာဖတ်သူများကို အစဉ်လေးစားလျက်
ကောင်းဆက်နိုင်

❒